မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

June 5 , 2023 Volume 67, Number 3

၅.၆.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၄၅ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၂၉၃၀ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၄၅.၃ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၂.၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၀၂.၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၈၃.၄ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၅.၀၀ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၄၀၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၀.၇၈ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၅၈.၇၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၁၇၂ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## ပြည်ပပို့ကုန်ကဏ္ဍတိုးမြှင့်တင်ပို့နိုင်ရေးအစည်းအဝေးသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးညွန့်အောင်တက်ရောက်



https://www.commerce.gov.mm

၂၀၂၃ ခုနှစ်၊ ဇွန်လ ၂ ရက်နေ့၊ (၁၄:၀၀)နာရီအချိန်တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ (၂) ၌ ကျင်းပပြုလုပ်ခဲ့သည့် ပြည်ပပို့ကုန်ကဏ္ဍတိုးမြှင့်တင်ပို့နိုင်ရေးအစည်းအဝေးသို့ သက်ဆိုင်ရာဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘဏ်များအသင်းဥက္ကဋ္ဌနှင့် ပို့ကုန်လုပ်ငန်းရှင်အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့်အတွင်းရေးမှူး များ တက်ရောက်ကြခဲ့ကြသည်။

အစည်းအဝေးတွင် ပို့ကုန်လုပ်ငန်းများ တိုးတက်တင်ပို့နိုင်ရေး မြေပြင်အခြေအနေများ၊ ကုန်စည်များ စိုက်ပျိုးမွေးမြူထွက်ရှိမှု၊ ပြည်တွင်းသုံးစွဲမှု ပိုလျှံမှုအပေါ်တွင် ပြည်ပသို့ တင်ပို့နိုင်ရေး တရားမဝင်တင်ပို့မှုမရှိစေရေး၊ ကဏ္ဍအလိုက် ဆောင်ရွက်နိုင်မည့် အစီအမံများကို အသေးစိတ်ဆွေးနွေးခဲ့ကြပြီး ဒုတိယဝန်ကြီးက လိုအပ်သည်များအား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိ သည်။

**Source:** https://www.commerce.gov.mm/ my/article/ %E1%80% 94% E1%80%B1%E1%

## မြန်မာ့မန်ကျည်းသီးအစိ တန် ၅၀၀ လစဉ်တင်သွင်းလိုကြောင်း UAE ကုမ္ပဏီကမ်းလှမ်း




Fresh Tamarind ခေါ် မြန်မာနိုင်ငံက မန်ကျည်းသီးအစိ တန် (၅၀၀) ကို လစဉ်တင်သွင်းလိုကြောင်း UAE နိုင်ငံအခြေစိုက် ကုမ္ပဏီ တစ်ခုကနေ ကမ်းလှမ်းထားပါတယ်။

စားသုံးသူရေးရာဦးစီးဌာနရဲ့ ဖော်ပြချက်အရ ဒူဘိုင်းမြို့ အခြေစိုက် Hermab Group ကုမ္ပဏီက မြန်မာ့မန်ကျည်းသီး ဝယ်ယူလိုကြောင်း သိရှိရပြီး ဆက်သွယ်ဆောင်ရွက်နိုင်မယ့် ကုမ္ပဏီအမည် စာရင်း၊ လိပ်စာ၊ တယ်လီဖုန်းနံပါတ်၊ အီးမေးလ်လိပ်စာတို့ကို တောင်းခံလာပါတယ်။

ဒါ့ကြောင့် UAE နိုင်ငံကို မန်ကျည်းသီးတင်ပို့လိုတဲ့ လုပ်ငန်းရှင်/ကုမ္ပဏီတွေအနေနဲ့ အချက်အလက်တွေကို မြန်မာ/ အင်္ဂလိပ်နှစ်ဘာသာနဲ့ ပြုစုပေးပို့ကြဖို့ စားသုံးသူရေးရာဦးစီးဌာနက အကြောင်းကြားထားပါတယ်။

မန်ကျည်းသီးတွေကို အပူပိုင်းဒေသတွေဖြစ်တဲ့ ရမည်းသင်း၊ မိတ္ထီလာ၊ ကျောက်ပန်းတောင်း၊ ပုပ္ပါး၊ ပြည်၊ သဲကုန်း၊ ပုတီးကုန်းစတဲ့ ဒေသတွေက အများဆုံးထွက်ရှိပြီး ရှမ်းပြည်နယ် တောင်ကြီး၊ ပင်းတယတို့မှလည်း မန်ကျည်းသီး အများအပြား ထွက်ရှိပါတယ်။

မြန်မာနိုင်ငံက စိုက်ပျိုးထွက်ရှိတဲ့ မန်ကျည်းသီးတွေကို ထိုင်း၊ တရုတ်၊ စင်္ကာပူ၊ ဘင်္ဂလားဒေ့ရှ်စတဲ့ ဒေသတွင်းနိုင်ငံတွေဆီ နှစ်စဉ်တင်ပို့ရောင်းချနေရကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကနေ သိရှိရပါတယ်။

လက်ရှိတွင် နယ်စပ်ကုန်သွယ်ရေးကတဆင့် ပြည်ပဈေးကွက်ထံ တင်ပို့နေတဲ့ မန်ကျည်းသီး (အစေ့ပါ) တစ်တန် ပေါက်ဈေးက အရည်အသွေးအလိုက် ကန်ဒေါ်လာ (၄၀၀)ကနေ (၆၀၀) ကြား ဈေးရှိနေပါတယ်။

**Source: BETV Business**

## ပဲစင်းငုံအပါအဝင် ပြည်တွင်းသုံး ပဲမာလိုင်းများ စံချိန်တင် အမြင့်ဈေးတန်းဖြင့် အရောင်းအဝယ်သွက်နေ

ပဲစင်းငုံအပါအဝင် ပို့ကုန်ပဲများနှင့် ပြည်တွင်းသုံးပဲမာလိုင်းများ စံချိန်တင် အမြင့်ဈေးတန်းဖြင့် အရောင်းအဝယ်သွက်နေကြောင်း ပဲနှမ်းကုန်သည်များထံက သိရသည်။

ပြည်တွင်းလက်ကျန် နည်းပါးလာခြင်းနှင့်အတူ အိန္ဒိယ ဝယ်လိုအားကောင်းလာခြင်း၊ ပို့ကုန်ပဲများ FOB ပေါက်ဈေး မြင့်တက်လာခြင်း၊ အရောင်းသမားများက ထိန်းရောင်းနေခြင်းတို့ကြောင့် ပဲစင်းငုံမှာ စံချိန်တင် အမြင့်ဈေးဖြစ်လာပြီး သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၈၀၀၀၀ ကျော်အထိ ပေါက်ဈေးဖြစ်လာကာ အခြားပဲမာလိုင်းများလည်း လိုက်ပါ ဈေးမြင့်တက်နေကြောင်း ဦးကျော်သွင်(ရွှေစင် သိန်း)ပွဲရုံက ပြောသည်။ "ပဲ၊ နှမ်းဈေးကွက်မှာ အမြင့်ဈေးတန်းတွေနဲ့ အရောင်းအဝယ် ခပ်သွက်သွက်ဖြစ်နေပါတယ်။ ပို့ကုန်ပဲ အပါအဝင် ကုလားပဲမျိုးစုံကတော့ အရောင်းသမားတွေက ထိန်းရောင်း နေပါတယ်။ အဝယ်သမားများအနေဖြင့် စောင့်ဆိုင်း ဝယ်ယူနေရတဲ့ သဘောဖြစ်ပါတယ်။ ပဲစင်းငုံတစ်အိတ် ၂၈၀၀၀၀ ကျော်၊ မတ်ပဲတစ်အိတ်လျှင် ၂၃၀၀၀၀ ကျော်၊ V2 ကုလားပဲ တစ်အိတ်လျှင် ၂၅၀၀၀၀ စံချိန်တင်ဈေးများ ဖြစ်လာ ပါတယ်။ ပဲစိုက်ဧက လျော့ကျခြင်းနှင့်အတူ အထွက်နှုန်းလျော့ကျခြင်း၊ အိန္ဒိယ ဝယ်လိုအားကောင်းခြင်း၊ FOB ပေါက်ဈေးမြင့်တက်လာခြင်း၊ ပဲသစ်ရာသီ စောစီးစွာကုန်ဆုံးခြင်းတို့ကြောင့် ပဲမျိုးစုံဈေးကွက် အမြင့်ဈေးတန်း ဖြစ်နေရခြင်းဖြစ်ပါတယ် "ဟု၎င်းက ပြောသည်။

ဇွန် ၁ ရက်တွင် ပို့ကုန်မတ် ပဲ ၆၀ ပိဿာတစ်အိတ်လျှင် ငွေကျပ် ၂၃၅၀၀၀၊ ပဲစင်းငုံ ၆၀ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၂၈၅၀၀၀၊ ပဲတီစိမ်းအညာ ၅၆ ဒသမ ၂၅ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၁၈၅၀၀၀ ပေါက်ဈေးသာရှိပြီး ပဲစင်းငုံမှာ တစ်အိတ် လျှင် ငွေကျပ် ၃၀၀၀၀၀ ထိ စံချိန်တင်ဆက်လက် ဈေးမြင့်တက်လာကြောင်း မန္တလေး ကုန်စည်ဒိုင်ပေါက်ဈေးများအရ သိရသည်။

ပြည်တွင်းသုံး ပဲမာလိုင်းများလည်း လိုက်ပါဈေးမြင့်တက်လာရာ ဖွန် ၁ ရက်တွင် ကုလားပဲ V2 တစ်အိတ်လျှင်ငွေကျပ် ၂၅၀၀၀၀၊ V7 တစ်အိတ်လျှင် ငွေကျပ် ၂၅၂၀၀၀၊ ထိုင်ဝမ်ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၃၇၀၀၀၊ 929 ကုလားပဲ တစ်အိတ်လျှင် ငွေကျပ် ၂၄၆၀၀၀ ပေါက်ဈေး၊ ပဲကြီး တစ်အိတ်လျှင် ငွေကျပ် ၂၇၅၀၀၀၊ ပဲထောပတ်တစ်အိတ် ငွေကျပ် ၂၇၀၀၀၀၊ မြေထောက်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၀၀၀၀၀၊ ကျွန်းစားတော်ပဲ တစ်အိတ်လျှင် ငွေကျပ် ၄၀၀၀၀၀၊ မြေပဲအနီ လုံးဆန် တစ်ပိဿာ ငွေကျပ် ၈၄၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**

## စပါးဈေးမြင့်ပြီး တောင်သူလက်ဝယ် စပါးမရှိသလောက်နည်းပါးပြီး ဆန်ဈေးအတက်ဘက် ဦးတည်နိုင်

စပါးဈေးမှာ ယခင်လများထက် အမြင့်ပိုင်းသို့ ရောက်ရှိနေပြီး တောင်သူလက်ဝယ်၌ စပါးလက်ကျန် မရှိသလောက် နည်းပါးခြင်းကြောင့် ဆန်ဈေးအတက်ဘက် ဦးတည်နိုင်ကြောင်း ဆန်ကုန်သည်အချို့က သုံးသပ်ကြသည်။ ဆန်၊ စပါးဈေးမြင့်တက်ခြင်းမှာ လောင်လက်များပြားပြီး စပါးရှားပါးချိန် ဈေးအမြင့်နှင့် ရောင်းချခြင်းမှာ အဓိကဖြစ်သည်ဟု ဆိုသည်။

"စပါးက တောင်သူလက်ထဲမှာ မရှိသလောက်နည်းပါးသွားပြီး လှောင်လက်တွေထဲ ရောက်ကုန်တော့ ဈေးကိုင်တဲ့ အနေအထားတွေဖြစ်လာတယ်။ စပါးတင်း ၁၀၀ ကို ငွေကျပ် သိန်း ၂၀ ပေးတာတောင် စပါးရောင်းသူမရှိဖြစ်နေတာ။ စပါးမရှိတော့ ဆန်ဈေးလည်း မြင့်လာတယ်။ ခြုံငုံသုံးသပ်ရင် ဆန်ဈေးက အတက်ဘက် ဦးတည်နေတာပေါ့ "ဟု ဆန်ပွဲစား တစ်ဦးက ပြောသည်။

ဆန်၊ စပါးဈေးကွက် တည်ငြိမ်ရေးအတွက် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ထိန်းသိမ်းဆောင်ရွက်မှုများရှိပြီး ဆန်၊ စပါး ဈေးကွက်တွင် သမားရိုးကျရောင်းဝယ်ခြင်းမဟုတ်သော လုပ်ငန်းများကို ထိန်းကျောင်းနိုင်ရန်အတွက် ဆန်၊ စပါးသိုလှောင်မှု လုပ်ငန်း မှတ်ပုံတင်ခြင်းဆိုင်ရာ အစိုးရ-ပုဂ္ဂလိကလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်နေကြောင်းလည်း သိရသည်။

လက်ရှိစပါးဈေးကွက်တွင် စပါးအမျိုးအစားအလိုက် တင်းတစ်ရာလျှင် ငွေကျပ်သိန်း ၂၀နှင့် အထက်ရောက်ရှိပြီး ၎င်းဈေးဖြင့် စပါးရောင်းသူမရှိဖြစ်နေကြောင်း၊ ဆန်လက်ကားဈေးကွက်တွင် ရွှေဘိုပေါ်ဆန်း (ထူးရှယ်) ငွေကျပ် ၉၉၀၀၀၊ မဂျမ်းတော ငွေကျပ် ၈၉၀၀၀ စသဖြင့် ပေါက်ဈေးရှိကာ ယခင်လထက် အနည်းငယ် ဈေး မြင့်လာသော်လည်း အဝယ်အေးနေကြောင်း သိရသည်။

**မကွေးဂျာနယ်**

## အချက် ၃ ချက်ကြောင့် ဆန်ဈေးမြင့်တာလို့ ဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌပြော




ပြည်တွင်းဆန်ဈေး ကြီးမြင့်နေခြင်းမှာ အဓိကအကြောင်းအရင်း အချက် ၃ ချက်ရှိနေ တယ်လို့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌဦးရဲမင်းအောင် ပြောကြားထားပါတယ်။ ယင်း ၃ ချက်မှာ လှောင်လက်များရှိနေပြီး ဈေးမြင့်တက်လာအောင် ပြုလုပ်ကာ ထုတ်ရောင်းနေခြင်း၊ ဈေးကွက်အတွင်း လူမှုကွန်ရက်မှတစ်ဆင့် ဆန်ဈေးနဲ့ပတ်သက်ပြီး သတင်းအမှားများ လှုံ့ဆော်နေတာတွေရှိခြင်းနဲ့ လျှပ်စစ်မီးအချိန် အကန့်အသတ်ကြောင့် ဆန်စက်တွေ မီးစက်နဲ့လည်ပတ်ရတဲ့အတွက် ဆန်ဈေးမြင့်မားနေရတာဖြစ်တယ်လို့ ၎င်းက ပြောပါတယ်။

ဒီအတွက်ကြောင့် လက်ရှိမှာ အချို့ဆန်အမျိုးအစားတွေရဲ့ ဈေးနှုန်းတွေဟာ မနှစ်ကထက် ၃၀ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့သလို အချို့ဆန်အမျိုးအစားတွေဟာ ၇၀ ရာခိုင်နှုန်းကနေ ၉၀ ရာခိုင်နှုန်းလောက် အထိ မြင့်တက်ခဲ့တယ်လို့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ထံမှ သိရပါတယ်။ "စားသုံးသူပြည်သူတွေအနေနဲ့ ဆန်ကို လိုသလောက်ပဲဝယ်ပါ။ ဆန်ဈေးနှုန်းတည်ငြိမ်အောင် ကျွန်တော်တို့ စီစဉ်ဆောင်ရွက်နေပါတယ်။ ဝယ်ရင်လည်းထိုက်သင့်တဲ့ ပစ္စည်းမှန် ဈေးနှုန်းမှန်လားဆိုတာ ဝယ်သူတွေဘက်က ကူညီပေးစေချင်ပါတယ်။ ကျွန်တော်တို့ဘက်ကလည်း ဆန်ကို သိုလှောင်ပြီး ဈေးကစားတာတို့၊ ဈေးနှုန်းကြီးမြင့် အောင်လုပ်တာတွေကို ဖော်ထုတ်ပြီး ပညာပေးတာ အရေးယူတာတွေလုပ်ဖို့ စီစဉ်နေပါပြီ "လို့ ဦးရဲမင်းအောင်က ပြောပါတယ်။

လက်ရှိမှာလည်း ကြားပျံပေါ်ဆန်းမွှေး ၂၄ ပြည်ဝင် တစ်အိတ်ကို ယခင်နှစ်က ငွေကျပ် ၆ သောင်းရှိခဲ့ရာမှ ယခု ၂၀၂၃ ခုနှစ် နှစ်ဝက်မှာ ငွေကျပ် ၉ သောင်းအထိရှိလာပြီး တခြား ဆန်အမျိုးအစားတွေမှာလည်း ဈေးအသီးသီး မြင့်တက်နေတယ်လို့ စားသုံးပြည်သူတွေထံမှ သိရပါတယ်။

မြန်မာနိုင်ငံအနေနဲ့ တစ်နှစ်ကို နွေစပါးကော ၂ သန်း၊ မိုးစပါးကော ၁၅ သန်းနှစ်စဉ် စုစုပေါင်း ၁၇ သန်းစိုက်ပျိုးပြီး ဆန်တန်ချိန် ၁၃ သန်း၊ ၁၄ သန်းခန့် ထုတ်လုပ်နေသလို တန်ဖိုးအားဖြင့် ကျပ် ဘီလီယံပေါင်း ၁၄,၀၀၀၊ ၁၅,၀၀၀ တန်ဖိုးခန့် ရှိနေကာ ယင်းထွက်ရှိတဲ့ ဆန်တန်ချိန် ၁၀ သန်းခန့်ကို ပြည်တွင်းမှာ စားသုံးနေတာ ဖြစ်ပါတယ်။ ဒါ့အပြင် ပြည်ပတင်ပို့မှုကို နှစ်စဉ် ၂ သန်းခန့်ရှိပြီး ပြည်ပတင်ပို့မှုနဲ့ ပြည်တွင်းလက်ကျန်ဟာ နှစ်စဉ် တန်ချိန် ၂ သန်း၊ ၃ သန်းခန့်ရှိတယ်လို့ သိရပါတယ်။

မြန်မာနိုင်ငံမှာ လက်ရှိလူဦးရေသန်း ၅၀ ကျော်နဲ့ ၆၀ ဝန်းကျင်ရှိနေပြီး လာမယ့်အနာဂတ်မှာ လူဦးရေသန်း ၁၀၀ အထိ စားသုံးနိုင်အောင်ထုတ်လုပ်ဖို့ စားရေရိက္ခာဖူလုံမှု ရည်မှန်းချက်က နိုင်ငံတော်မှ လမ်းညွှန်ထားတဲ့ ကာလရှည် ရည်မှန်းချက်ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌက ပြောကြားထားပါတယ်။

ဤသတင်းကို MFN မှကူးယူဖော်ပြပါသည်။

**Source: https://t.me/htwettoe**

## ၂၉.၅.၂၀၂၃ မှ ၂.၆.၂၀၂၃ ရက်နေ့ထိ ဈေးကွက်သုံးသပ်ချက်

**မတ်ပဲ**

မတ်ပဲကတော့ ဆက်တိုက်ဈေးမြင့်တက်နေပါတယ်။ ပြည်တွင်းငွေလဲလှယ်နှုန်း ဈေးမြင့်တက်သလို ဈေးကွက်ထဲ ပဲအဝင် နည်းနေတဲ့အတွက် FOB ဈေးနှုန်းများပါ ဈေးမြင့်တက်နေခဲ့တာ ဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံရဲ့ ဝယ်လိုအား ကလည်း မြင့်တက်နေပါတယ်။ မတ်ပဲဈေးက ပြည်တွင်း ကုန်သည်တွေရဲ့ ဈေးကစားမှုတွေနဲ့ ပဲထုတ်ရောင်းပေးမှု နည်းပါးခြင်းကြောင့် ထပ်ပြီးဈေးတက်နိုင်ဦးမယ်လို့ အိန္ဒိယနိုင်ငံ သတင်းတွေမှာ ဖော်ပြထားပါတယ်။

အိန္ဒိယနိုင်ငံကတော့ ပြည်ပကနေ တင်သွင်းလာတဲ့ မတ်ပဲတွေကို အကောက်ခွန်ကိစ္စပြီးစီးသည့် ရက်ကနေ့ ရက်ပေါင်း ၃၀ ထက် ကျော်လွန်ပြီးမထားဖို့ ထုတ်ပြန်ထားပါတယ်။ ပဲဈေးမြင့်တက်တာတွေနဲ့ ပတ်သတ်ပြီး ထိန်းချုပ်နိုင်ဖို့အတွက် အိန္ဒိယ အစိုးရက နည်းအမျိုးမျိုးဖြင့် ဆောင်ရွက်နေပေမယ့် ပြည်တွင်းထွက်ရှိနှုန်းနည်းနေတာဖြစ်လို့ ထင်သလောက် ထိန်းချုပ်မနိုင် တာကို တွေ့ရပါတယ်။ ပြီးခဲ့တဲ့နှစ်က အိန္ဒိယမှာ မတ်ပဲ ထွက်ရှိမှုနှုန်းက တန်ချိန် ၂၈ သိန်း ရှိခဲ့ပြီး ဒီနှစ်မှာတော့ တန်ချိန် ၂၇ သိန်းထိ ထွက်နိုင်ဖို့ မျှော်မှန်းထားတယ်လို့ အိန္ဒိယသတင်းတွေမှာ ဖော်ပြထားချက်အရ သိရပါတယ်။

မြန်မာပြည်တွင်းမှာလည်း သွင်းအားစု ဈေးကြီးမြင့်ခြင်း ၊ စိုက်ဧကလျော့နည်းခြင်း၊ လုပ်သားရှားပါးခြင်းတို့ကြောင့် လက်ရှိပေါက်ဈေးနှုန်းမှသာ အဆင်ပြေနိုင်တဲ့ အခြေအနေရှိနေကြောင်း တောင်သူကုန်သည်တွေက ဆိုပါ တယ်။

ရန်ကုန်ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲက တစ်တန်ကို ၂၃၃၄၀၀၀ ကျော်ပေါက်ဈေးရှိပြီး ပြီးခဲ့တဲ့အပတ်နဲ့ယှဉ်ရင် တစ်တန်ကို ၅၇၀၀၀ နီးပါးဈေးတက်လာပါတယ်။ FOB ဈေးနှုန်းကတော့ အမေရိကန်ဒေါ်လာ ၉၅၀ ကနေ ၉၇၀ ပေါက်ဈေးရှိနေပြီး တစ်တန် ကို ဒေါ်လာ ၃၀ လောက်ဈေးမြင့်တက်လာပါတယ်။

မန္တလေးဈေးကွက်မှာတော့ တစ်အိတ်ကို ၂၃၃၀၀၀ ကနေ ၂၃၅၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၁၅၀၀၀ ကျပ် ဈေးမြင့်တက်လာပါတယ်။

အခြားနယ်ကုန်စည်ဒိုင်တွေဖြစ်တဲ့ အောင်လံကုန်စည်ဒိုင်၊ မုံရွာ၊ ပြည်တို့မှာလည်း တစ်တင်းကို ၇၀၀၀၀ ကနေ ၇၆၅၀၀ ကြား ပေါက်ဈေးရှိနေပြီး တစ်တင်းကို ၂၅၀၀ လောက် ဈေးတက်ပါတယ်။

**ပဲစင်းငုံနီ**

ပဲစင်းငုံနီကတော့ ဖွန်လအစမှာတင် တစ်တန်ကို သိန်း ၃၀ နားထိ ဈေးမြင့်တက်လာပါတယ်။ ဈေးတွေ မြင့်တက်နေ ပေမယ့် ရောင်းစရာဝယ်စရာ ပဲမရှိဘူးလို့ ပဲကုန်သည်အချို့ကတော့ ဆိုပါတယ်။ ကုန်သည်တွေက ပဲတွေသိုလှောင်ထားပြီး ဈေးကို ဆွဲတင်ရောင်းချနေတဲ့အတွက် အိန္ဒိယအစိုးရကတော့ တင်သွင်းလာတဲ့ ပဲစင်းငုံနီတွေကို ရက် ၃၀ ကျော်ပြီး လှောင်လို့ မရဘူးလို့ ထုတ်ပြန်ထားပေမယ့် ပဲဈေးနှုန်းကတော့ ဆက်ပြီးမြင့်တက်နေဆဲ အခြေအနေဖြစ်ပါတယ်။ ပဲစင်းငုံနီရဲ့ ထွက်ရှိနှုန်း ကလည်း ဒီနှစ်မှာတန်ချိန် ၃၇ သိန်း ထွက်ရှိမယ်လို့ အိန္ဒိယအစိုးရက ခန့်မှန်းထားပေမယ့် အမှန်တကယ် ထွက်ရှိနိုင်မှုက

ပိုနည်းနိုင်တယ်လို့ အိန္ဒိယကုန်သည်တွေကလည်း သုံးသပ်ထားကြပါတယ်။

မြန်မာပြည်တွင်းမှာလည်း ပဲစင်းငုံနီ အထွက်နှုန်းနည်းတာ၊ ပြည်တွင်းငွေလဲလှယ်နှုန်း ဈေးမြင့်တက်တာတွေ ကြောင့် ပဲဈေးနှုန်းက လက်ရှိပေါက်ဈေးနှုန်းထက် ကျဆင်းနိုင်ခြေ နည်းပါးနေပြီး ဆက်ပြီးမြင့်တက်နိုင်ဦးမယ်လို့ ပဲရောင်းဝယ်နေတဲ့ ကုန်သည်တွေက သုံးသပ်ထားကြပါတယ်။

ရန်ကုန်ဈေးကွက်မှာ ပဲစင်းငုံနီက တစ်တန်ကို ၃၀၂၅၀၀၀ ပေါက်ဈေးရှိပြီး ပြီးခဲ့တဲ့အပတ်နဲ့ယှဉ်ရင် တစ်တန်ကို ၃ သိန်းနီးပါး ဈေးမြင့်တက်လာပါတယ်။ FOB ဈေးကတော့ တစ်တန်ကို အမေရိကန်ဒေါ်လာ ၁၁၂၀ ကနေ ၁၁၄၀ ပေါက်ဈေးရှိပြီး တစ်တန်ကို ဒေါ်လာ ၈၀ လောက် ဈေးမြင့်တက်လာခဲ့ပါတယ်။

မန္တလေးဈေးကွက်မှာတော့ တစ်အိတ်ကို ၂၈၅၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၃၀၀၀၀ ကျော် ဈေးမြင့်တက်လာပါတယ်။ အခြား နယ်ကုန်စည်ဒိုင်တွေဖြစ်တဲ့ ပခုက္ကူဈေးကွက်၊ အောင်လံဈေးကွက်၊ မုံရွာဈေးကွက်နဲ့ ပြည်ဈေးကွက်တို့မှာ ပဲစင်းငုံနီ တစ်တင်းကို ၈၄၀၀၀ ကနေ ၈၄၅၀၀ ကြားပေါက်ဈေးရှိနေပြီး တစ်တင်းကို ၂၅၀၀ ကျပ်ဈေးတက်လာပါတယ်။

**ပဲတီစိမ်း**

ပဲတီစိမ်းအညာ ဝါးခယ်မတွေက နေ့စဉ်ကုန်အဝင်ပေါ်မူတည်နေပြီး ငွေလဲလှယ်နှုန်း ဈေးမြင့်တက်လာပေမယ့်လည်း ထူးခြားစွာ ဈေးမမြင့်တက်လာတာကို တွေ့ရပါတယ်။ တရုတ်ကို အဓိကတင်ပို့နေတာဖြစ်ပေမယ့် အဝင်များနေတာဖြစ်လို့ ဈေးချဝယ်ယူမှုတွေ ရှိနေတယ်လို့လည်းသိရပါတယ်။ အရည်အသွေးပိုင်းဆိုင်ရာ အားနည်းလို့ ဈေးကောင်းမရရှိတာ ဖြစ်တယ်လို့ ကုန်သည်တွေက ဆိုပါတယ်။

ရန်ကုန်ဈေးကွက်မှာ ပဲတီစိမ်း(ခရမ်းရွှေဝါ)က တစ်ပိဿာကို ၃၈၃၀ ကျပ်၊ ပဲခူးရွှေဝါက တစ်ပိဿာကို ၃၆၃၀ ကျပ်နဲ့ တစ်လကျော်ကြာ ဈေးငြိမ်နေပါတယ်။ ဝါးခယ်မကတော့ တစ်ပိဿာကို ၂၃၈၀ ကနေ ၂၈၃၅ ပေါက်ဈေးရှိပြီး ၆၅ ကျပ် ဈေးမြင့်တက်လာပါတယ်။

မန္တလေးဈေးကွက်မှာလည်း ပဲတီစိမ်း အထက်စတွေဖြစ်တဲ့ ရွှေဝါတို့က အရောင်းအဝယ်မရှိပဲ ပဲတီစိမ်းအညာက တစ်အိတ်ကို ၁၆၀၀၀၀ ကနေ ၁၈၅၀၀၀ ကြား ပေါက်ဈေးရှိနေပြီး တစ်အိတ်ကို ၇၀၀၀ ကျပ် ဈေးကျဆင်းသွားပါတယ်။

မုံရွာဈေးကွက်မှာတော့ တစ်တင်းကို ၄၇၀၀၀ ကနေ ၆၁၀၀၀ ပေါက်ဈေးရှိပြီး တစ်တင်းကို ၁၀၀၀ ကျပ်ဈေးကျဆင်းသွား ပါတယ်။ ပခုက္ကူဈေးကွက်မှာတော့ တစ်တင်းကို ၅၀၀၀၀ ကနေ ၅၉၀၀၀ ပေါက်ဈေးရှိပြီး တစ်တင်းကို ၁၀၀၀ ကျပ်ဈေး ကျဆင်းသွားပါတယ်။

**ကုလားပဲ**

ကုလားပဲဈေးကတော့ ဆက်တိုက်ဈေးမြင့်တက်ပါတယ်။ ပြီးခဲ့တဲ့ အပတ်က ဈေးအနည်းငယ် အေးသွားပေမယ့် ဒီတစ်ပတ်မှာတော့ ပဲစင်းငုံနီဈေး မြင့်တက်လာမှုနဲ့အတူ ကုလားပဲဈေးက မြင့်တက်လာခဲ့တာ ဖြစ်တယ်လို့ ပဲကုန်သည်တွေက ဆိုပါတယ်။ ကုလားပဲဈေး မြင့်တက်နေတဲ့အတွက် အရောင်းအဝယ်တွေကတော့ ကောင်းနေတယ်လို့ ကုန်သည်တွေက ဆိုပါတယ်။

ရန်ကုန်ဈေးကွက်မှာ ကုလားပဲလုံးဖြူက တစ်ပိဿာကို ၄၁၆၅ ကနေ ၄၃၃၅ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၃၃၅ကျပ် ဈေးတက်လာပြီး၊ ကုလားပဲလုံးဖြူကြီးကတော့ တစ်ပိဿာကို ၄၃၃၀ ကနေ ၄၅၀၀ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၃၃၀ ကျပ် ဈေးတက်လာပါတယ်။ ကုလားပဲခြမ်းကတော့ တစ်ပိဿာကို ၅၅၀၀ ကနေ ၅၆၅၀ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၂၇၅ ကျပ် ဈေးတက်လာပါတယ်။

မန္တလေးဈေးကွက်မှာတော့ ကုလားပဲ(ထိုင်ဝမ်)က တစ်အိတ်ကို ၂၃၅၀၀၀ မှ ၂၃၇၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၁၃၀၀၀ ကျပ်၊ ကုလားပဲ(929)က တစ်အိတ်ကို ၂၄၆၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၉၀၀၀ ကျပ်၊ ကုလားပဲ(ဗွီတူး)ကတော့ တစ်အိတ်ကို ၂၅၀၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၁၂၀၀၀ ကျပ် အသီးသီးဈေးမြင့်တက်လာပါတယ်။

မုံရွာဈေးကွက်မှာလည်း ကုလားပဲထိုင်ဝမ်က တစ်တင်းကို ၈၁၅၀၀ ပေါက်ဈေးရှိပြီး တစ်တင်းကို ၄၅၀၀ ကျပ်၊ ကုလားပဲ 929 က တစ်တင်းကို ၈၂၀၀၀ ပေါက်ဈေးရှိပြီး တစ်တင်းကို ၄၅၀၀ ကျပ်၊ ကုလားပဲ(ဗွီတူး)ကတော့ တစ်တင်းကို ၈၅၀၀၀ ပေါက်ဈေးရှိပြီး တစ်တင်းကို ၄၀၀၀ ကျပ် ဈေးတက်လာပါတယ်။

**Source: AMIA** https://t.me/htwettoe

## တရုတ်နိုင်ငံကို တင်ပို့မည့်စားသောက်ကုန် ကုန်စည်အစောင်ရေ ၁၈၀၀ ကျော်ကို GACC မှတ်ပုံတင်ခွင့်ပြု

မြန်မာနိုင်ငံမှ တရုတ်နိုင်ငံ၏ GACC တွင် Competent Authority ထောက်ခံချက်လိုအပ်နေသည့် ကုန်စည်အုပ်စုနှင့် ကိုယ်တိုင်ဝင်ရောက် လျှောက်ထားသည့် ကုန်စည်အုပ်စု အပါအဝင် စုစုပေါင်းအစောင်ရေ (၁၈၅၄) စောင်ကို မှတ်ပုံတင် ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

ပြီးခဲ့သည့် ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာ(၁)ရက်မှ ၂၀၂၃ ခုနှစ်၊ မေလ(၂၆) ရက်နေ့အထိ ကုမ္ပဏီ (၁၁၅၅) ခုမှ အစောင်ရေ (၂၁၉၄) စောင်ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အကောက်ခွန်အထွေထွေအုပ်ချုပ်မှု အာဏာပိုင်အဖွဲ့(GACC) ကို မှတ်ပုံတင်နိုင်ရေး လျှောက်ထားခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ စိုက်ပျိုးရေးစားသောက်ကုန်များ တင်ပို့သည့် ကုမ္ပဏီများ၏ မှတ်ပုံတင်ခြင်းဆိုင်ရာအတွက် တရုတ်နိုင်ငံ၊ (GACC) အောက်ရှိ Department of Animal and Plant Quarantine ဌာနမှ ကုန်စည်အုပ်စု(၇)မျိုးကို တာဝန်ယူ ဆောင်ရွက်နေခြင်းဖြစ်သည်။

အဆိုပါ ကုန်စည်အုပ်စု (၇)မျိုးမှာ ကော်ဖီစေ့နှင့် ကိုကိုးစေ့၊ ဟင်းသီးဟင်းရွက်အစိမ်းများ၊ ဟင်းခတ်အမွှေးအကြိုင်များ၊ စားသုံးနိုင်သည့်အစေ့အဆံများ၊ ပဲမျိုးစုံ၊ ဆီထွက်အပင်များ၊ တရုတ်တိုင်းရင်းဆေးထုတ်လုပ်သည့် တိရိစ္ဆာန်နှင့် အပင်မူရင်းများ ပါဝင်ကြောင်း သိရသည်။

**Source: Popular News Journa**

## ဘရာဇီးလ်နိုင်ငံသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ကုန်သွယ်မှုဆက်ဆံရေးကို တိုးမြှင့်ရန်ဆောင်ရွက်လျက်ရှိ

သံတမန်ရေးရာသတင်းအရင်းမြစ်များအရ ဘရာဇီးလ်နိုင်ငံသည် မကြာမီတွင် ဝင်ငွေအလယ်အလတ်ရှိသော နိုင်ငံ ဖြစ်လာမည်ဖြစ်သောကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ကုန်သွယ်မှုဆက်ဆံရေးကို တိုးမြှင့်ဆောင်ရွက်ရန် ရည်မှန်းထားသည်။

ဘရာဇီးလ်နိုင်ငံ၏ သမ္မတ Luiz Inácio Lula da Silva သည် နိုင်ငံပေါင်းစုံ ဆက်ဆံရေးကို ခိုင်မာစေရန် တောင်အာရှနိုင်ငံများနှင့်အတူ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်မည်ဖြစ်ကြောင်း မကြာသေးမီက ဆုံးဖြတ်ခဲ့သည်။ လက်တင်အမေရိကနိုင်ငံမှ အဆင့်မြင့်ကုန်သွယ်ရေး ကိုယ်စားလှယ်အဖွဲ့သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် နှစ်နိုင်ငံကုန်သွယ်မှု အားကောင်းလာစေရန် ရည်ရွယ်ချက်ဖြင့် မကြာမီရက်ပိုင်းအတွင်း ဒါကာသို့ သွားရောက်မည်ဖြစ်သည်။ ABRAPA (ဘရာဇီးလ်နိုင်ငံမှ ဂွမ်းစိုက်ပျိုးသူများအသင်း) မှ Marcelo Duarte Monteiro ၊ Apex Brasil မှ Rodrigo Gedeon နှင့် ဘရာဇီးလ်နိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံအမတ် Alex Giacomelli တို့ပါဝင်ပါသည်။

ခရီးစဉ်မတိုင်မီ ဘရာဇီးလ်နိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသံအမတ်ကြီး Sadia Faizunnesa က ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ဘရာဇီးလ်နိုင်ငံ၏ သမ္မတ Luiz Inasio Lula Da Silva ၏ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ကုန်သွယ်မှု ပိုမိုမြှင့်တင်နိုင်ရန် ဆန္ဒအရ လေ့လာရေးအဖွဲ့မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အလည်အပတ်ခရီးလာရောက်မည်ဖြစ်ကြောင်း အကြောင်းကြားခဲ့ပါသည်။

ဒါကာမြို့ရှိ ဘရာဇီးလ်နိုင်ငံသံရုံးသည် ဘရာဇီးလ်နိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးဌာန၊ ရင်းနှီးမြှုပ်နှံမှုဆွဲဆောင်ရေးဦးစီးဌာန(DPRA) ဘရာဇီးလ်နိုင်ငံရှိ စိုက်ပျိုးရေးလုပ်ငန်း (Apex-Brazil) ဘရာဇီးလ်-ဘင်္ဂလားဒေ့ရှ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (BBCCI) တို့နှင့်ပူးပေါင်း၍ ဘရာဇီးလ်-ဘင်္ဂလားဒေ့ရှ် ကုန်သွယ်မှု ညီလာခံခေါင်းစဉ်ဖြင့် တစ်နေ့တာ နီးနှောဖလှယ်ပွဲကျင်းပသွားမည်ဖြစ်ပြီး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ကူးသန်းရောင်းဝယ်ရေး ဝန်ကြီး Tipu Munshi ၊ Secretary Tapan Kanti Ghosh ၊ ဘင်္ဂလားဒေ့ရှ် ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် (FBCCI) ဥက္ကဋ္ဌ Md Jashim Uddin နှင့် စီးပွားရေးခေါင်းဆောင်များ ဆွေးနွေးပွဲသို့ တက်ရောက်မည်ဟု မျှော်လင့်ထားသည်။ .

ဘင်္ဂလားဒေ့ရှ်နိုင်ငံဆိုင်ရာ ဘရာဇီးလ်သံအမတ်ကြီး Paulo Fernandos Dias Feres ၏ ပြောကြားချက်အပေါ်ကိုးကား၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ကုန်သွယ်မှုတိုးမြှင့်ရန်အတွက် ဘရာဇီးလ်နိုင်ငံအနေဖြင့် တတ်နိုင်သမျှ အခက်အခဲများကို ဖြေရှင်းသွားမည်ဖြစ်ကြောင်း သိရှိခဲ့ပါသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ စီးပွားရေးသည် နှစ်စဉ်ဆက်တိုက် တိုးတက်လာခဲ့ပြီး နိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါကိုလည်း အောင်မြင်စွာထိန်းချုပ်နိုင်ခဲ့ပါသည်။ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) ၏ အချက်အလက်အသစ်များအရ ယခုအခါ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ကမ္ဘာပေါ်တွင် (၄၁) နိုင်ငံမြောက် အကြီးဆုံးစီးပွားရေးနိုင်ငံဖြစ်လာပါသည်။

ထို့အပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ကမ္ဘာပေါ်တွင် ဒုတိယအကြီးဆုံး ဝါဂွမ်းတင်သွင်းသူ၊ ဒုတိယအကြီးဆုံး အထည်များ တင်ပို့သူအဖြစ် ရပ်တည်နေပြီး ဘရာဇီးလ်နိုင်ငံသည် စတုတ္ထမြောက် ဝါဂွမ်းထုတ်လုပ်သူနှင့် ဒုတိယအများဆုံး ဝါဂွမ်း တင်ပို့သည့်နိုင်ငံ ဖြစ်ကြောင်းသိရှိရပါသည်။

**Source:** https://www.dhakatribune.com/business/2023/05/24/as-bangladeshs-economy-grows-brazil-wants-in-on-the-action

https://www.commerce.gov.mm/my/article/update-news-international-trade

## ကမ္ဘောဒီးယားနိုင်ငံမှ သဘာဝအတိုင်းဖမ်းဆီးရရှိသော ရေထွက်ကုန်များကို တရုတ်နိုင်ငံသို့ တင်ပို့ခွင့်ရရှိ

ကမ္ဘောဒီးယားနိုင်ငံမှ သဘာဝအတိုင်းဖမ်းဆီးရရှိသော ရေထွက်ပစ္စည်းများကို တရုတ်နိုင်ငံသို့ တင်ပို့ရန် တရားဝင် ခွင့်ပြုချက်ရရှိပြီဖြစ်ကြောင်း ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ တရုတ်သံရုံးက (၃၁-၅-၂၀၂၃) ရက်နေ့တွင် ထုတ်ပြန်ခဲ့ကြောင်း သိရှိရပါသည်။

အဆိုပါထုတ်ပြန်ချက်အရ တရုတ်နိုင်ငံ၊ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့သည် ပြည်ပမှတင်သွင်းသည့် စားသောက်ကုန်ထုတ်လုပ်သူများ၏ မှတ်ပုံတင်ခြင်းဆိုင်ရာ အချက်အလက်များကို မကြာသေးမီက ထပ်မံထုတ်ပြန်ခဲ့ရာ ကမ္ဘောဒီးယားနိုင်ငံမှ သဘာဝအတိုင်းဖမ်းဆီးရရှိသော ရေထွက်ပစ္စည်းများကို တရုတ်နိုင်ငံသို့ တင်ပို့ရန်နောက်ဆုံး လုပ်ငန်းစဉ် များကို ပြီးစီးပြီဖြစ်ကြောင်း ဖော်ပြထားသည်ဟု သိရှိရပါသည်။

ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် သဘာဝအတိုင်းဖမ်းဆီးရရှိသော ရေထွက်ပစ္စည်းများကို လက်ရှိတွင် တရုတ်နိုင်ငံသို့ တင်ပို့နိုင်ပြီဖြစ်ပြီး ကမ္ဘောဒီးယားနိုင်ငံမှ သွင်းကုန်ပို့ကုန်နှင့် နိုင်ငံတကာသယ်ယူပို့ဆောင်ရေးလုပ်ငန်းဆောင်ရွက်သည့် Kim Chou Co Ltd အား တရုတ်နိုင်ငံသို့ သဘာဝအတိုင်းဖမ်းဆီးရရှိသော ရေထွက်ပစ္စည်းများကို တင်ပို့ရန် ခွင့်ပြုလိုက်ပြီ ဖြစ်သည်ဟု အဆိုပါထုတ်ပြန်ချက်တွင် ဖော်ပြထားကြောင်းသိရှိရပါသည်။

ကမ္ဘောဒီးယားနိုင်ငံမှ သဘာဝအတိုင်းဖမ်းဆီးရရှိသော ပုစွန်၊ ငါး၊ ငါးရှဉ့်နှင့် မြစ်ခရုအပါအဝင် သဘာဝအတိုင်း ဖမ်းဆီး ရရှိသော ရေထွက်ပစ္စည်း (၁၂)မျိုးကို တရုတ်နိုင်ငံသို့ တင်ပို့ခွင့်ပြုထားကြောင်း သိရှိရပါသည်။ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလတွင် တရုတ်နှင့် ကမ္ဘောဒီးယားနိုင်ငံတို့သည် ကမ္ဘောဒီးယားမှ သဘာဝအတိုင်းဖမ်းဆီးရရှိသော ရေထွက်ပစ္စည်းများကို တရုတ်နိုင်ငံသို့ တင်ပို့ခြင်းအတွက် တိရစ္ဆာန်ပိုးမွှားကင်းစင်ရေး သတ်မှတ်ချက်များဆိုင်ရာ သဘောတူညီချက်ကို လက်မှတ် ရေးထိုးခဲ့ကြကြောင်း သိရှိရပါသည်။

ကမ္ဘောဒီးယားနိုင်ငံ စိုက်ပျိုးရေး၊ သစ်တောနှင့် ငါးလုပ်ငန်းဝန်ကြီးဌာန၏ လက်ထောက်အတွင်းဝန်နှင့် ပြောရေး ဆိုခွင့်ရှိသူ Im Rachna က ကမ္ဘောဒီးယားမှ သဘာဝအတိုင်း ဖမ်းဆီးရရှိသော ရေထွက်ပစ္စည်းများသည် တရုတ်စားသုံးသူများကြားတွင် ရေပန်းစားလာမည်ဟု ယုံကြည်ကြောင်းပြောကြားခဲ့သည်ဟု သိရှိရပါသည်။

ယခုကဲ့သို့ တင်ပို့ခွင့်ရရှိခြင်းသည် ကမ္ဘောဒီးယားငါးလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအတွက် အောင်မြင်မှု အသစ်တစ်ခုဖြစ်ပြီး ကမ္ဘောဒီးယားမှ သဘာဝအတိုင်းဖမ်းဆီးရရှိသော ရေထွက်ပစ္စည်းများကို မကြာမီ တရုတ်နိုင်ငံသို့ တင်ပို့ခြင်းဖြင့် ကမ္ဘောဒီးယား-တရုတ် ကုန်သွယ်မှုပမာဏကို မြှင့်တင်ပေးနိုင်ရုံသာမက ရေလုပ်သားများ၏ အသက်မွေး ဝမ်းကြောင်းကိုပါ မြှင့်တင်ပေးမည်ဖြစ်ကြောင်း Im Rachna က Xinhua သတင်းဌာနသို့ ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ငရုတ်ကောင်းပြီးနောက် သဘာဝအတိုင်းဖမ်းဆီးရရှိသော ရေထွက်ပစ္စည်းများသည် ယခုနှစ်အတွင်း တရုတ်နိုင်ငံသို့ တရားဝင်တင်ပို့ခွင့်ရရှိသည့် ကမ္ဘောဒီးယားနိုင်ငံ၏ ဒုတိယမြောက် စိုက်ပျိုးရေးထွက်ကုန်ဖြစ်ကြောင်းလည်း သိရှိရပါသည်။

**စီးပွားရေးသံမှူး၊ နန်နင်း**

https://myantrade.gov.mm/article/Naypyitawstp_050620231058

## STOCK EXCHANGE (5.6.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 5th Jun. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,060 (Shares) | 6,248,150 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,100 | +0 | +0.00% | 8,200 | 8,200 | 8,100 | 103 | 844,300 | 33,109,694 | 268,189 |
| MTSH | 00002 | 2,900 | +0 | +0.00% | 2,800 | 2,900 | 2,800 | 298 | 852,700 | 38,929,150 | 112,895 |
| MCB | 00003 | 7,300 | +0 | +0.00% | 7,100 | 7,300 | 7,100 | 7 | 50,900 | 10,400,986 | 75,927 |
| FPB | 00004 | 1,450 | -50 | -3.33% | 1,450 | 1,450 | 1,450 | 2,021 | 2,930,450 | 29,664,613 | 43,014 |
| TMH | 00005 | 2,500 | +50 | +2.04% | 2,500 | 2,500 | 2,500 | 77 | 192,500 | 12,823,224 | 32,058 |
| EFR | 00006 | 2,450 | +0 | +0.00% | 2,550 | 2,550 | 2,450 | 552 | 1,367,500 | 19,977,223 | 48,944 |
| AMATA | 00007 | 4,900 | -100 | -2.00% | 4,900 | 4,900 | 4,900 | 2 | 9,800 | 10,497,598 | 51,438 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 5th Jun. 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 358.93 | -1.07 | -0.30% | 358.55 | 359.66 | 357.75 | 3,060 | 6,248,150 | 7 | 632,465 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 5th Jun. 2023

| Trading Volume | Trading Value |
|---|---|
| 3,060 (Shares) | 6,248,150 (MMK) |

### Main Board

As of 1:00 pm, 5th Jun. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,060 (Shares) | 6,248,150 (MMK) |

| MYANPIX | 358.93 ▼ 1.07 |
|---|---|
| Total Volume (shares) | 3,060 |
| Total Value (MMK) | 6 mil |
| Listed Company | 7 |
| Market Cap. (MMK) | 632,465 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,100 | ▲ 0 |
| MTSH | 00002 | 2,900 | ▲ 0 |
| MCB | 00003 | 7,300 | ▲ 0 |
| FPB | 00004 | 1,450 | ▼ 50 |
| TMH | 00005 | 2,500 | ▲ 50 |
| EFR | 00006 | 2,450 | ▲ 0 |
| AMATA | 00007 | 4,900 | ▼ 100 |